# ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး
# ၃၀ ရက်မြောက်နေ့ အစီအစဉ်
# [ ၂၀- ၃ - ၂၀၁၃ ]
# ( ဗုဒ္ဓဟူးနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၃၀ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း -

(က) ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **လျှပ်စစ်ဓာတ်အားကို အလင်းရောင်ရရုံသာ အသုံးပြုရသော အိမ်ဆိုင်များကို စီးပွားရေးသုံးအဖြစ် သတ်မှတ်ကောက်ခံနေခြင်းကို ပြန်လည်စိစစ်၍ အသုံးပြုမီတာ ယူနစ်ပမာဏအရသာ ကောက်ခံပေးနိုင်ခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **ကိုယ့်အား ကိုယ်ကိုး မီးလင်းရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ရန် အခက်အခဲများ ရှိနေသည့်အတွက် နိုင်ငံတော်အစိုးရအဖွဲ့မှလည်းကောင်း၊ အခြားလှူဒါန်း လိုသော အဖွဲ့အစည်းများနှင့်ချိတ်ဆက်ပြီး နှစ်တိုနှစ်ရှည် ချေးငွေများဖြင့် လည်းကောင်း စီမံဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစောတော်ပလဲ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ **မဟာဓာတ်အား လိုင်း တစ်လျှောက်ရှိ ကျေးရွာပြည်သူများအတွက် နိုင်ငံတော်မှ လျှပ်စစ်မီး ရရှိရေး ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီက ငွေတိုးကြီးဖြင့် ငွေချေးစားမှုကြောင့် အတိဒုက္ခ ရောက်ကြရသည့် ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာများကို လွှတ်တော်သို့ ဖတ်ကြား တင်ပြခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၃၀ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း ကြေညာခြင်း။